**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

**ဆေးတက္ကသိုလ်(၁)၊ရန်ကုန်**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ( ၈ )ရက်။

**ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ<br>Dip.Med.Sc (Family Medicine) | ၁ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ ဒီပလိုမာသင်တန်းအတွက် လက်ရှိတရားဝင် ဆရာဝန် မှတ်ပုံတင်အမှတ်(ဆမ)နှင့် အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်း(၂)နှစ်ပြည့်ပြီး သက်တမ်းတိုး ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ဃ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာသင်တန်းအတွက် အသက်သတ်မှတ်ချက်မရှိပါ။

(င) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။

(စ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည် -**

(က) အမည်၊နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်

(ခ) အဘအမည်

(ဂ) အသက်နှင့်မွေးသက္ကရာဇ်

(ဃ) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)

(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်၊ ထုတ်ယူခဲ့သည့်ရက်စွဲ

(စ) ပညာအရည်အချင်း

(ဆ) တက်ရောက်လိုသည့်သင်တန်း၊

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည် -

(က) လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များသည်မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) အမှတ်စာရင်း (Grading Certificate) မိတ္တူ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးမှထောက်ခံချက်နှင့် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များ၊

(စ) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)မိတ္တူ၊

(ဆ) တရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင်မိတ္တူ၊

(ဇ) ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်စာမေးပွဲကြေး - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်း ထားသည့် ချလံမူရင်း(၁)စောင်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံသို့လိပ်မူ၍ **(၂၉.၈.၂၀၂၅)ရက် (သောကြာနေ့)** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို **(၁၃.၁၀.၂၀၂၅)**ရက် **(တနင်္လာနေ့)**မှစ၍ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၌ ထုတ်ပေးမည်။

၈။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်၊ ရေးဖြေစာမေးပွဲကို **(၁၇.၁၀.၂၀၂၅)ရက်၊ (သောကြာနေ့)**တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၌အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့်အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မိသားစုကျန်းမာရေး စောင့်ရှောက်မှုဆေးပညာ ဒီပလိုမာ | ကျွမ်းကျင်ဘာသာရပ် | (၁၇.၁၀.၂၀၂၅)ရက် (သောကြာနေ့) မွန်းလွဲ(၁:၀၀)နာရီမှ(၃:၀၀)နာရီထိ | MCQ |

၉။ လူတွေ့နှုတ်ဖြေ စစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူ စာရင်းထုတ်ပြန်ကြေညာသည့် အခါတွင် ဖော်ပြပါမည်။

၁၀။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။
ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ဒေါက်တာကျော်ရွှေ)
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။

စာအမှတ်။ ၂၆၃၉ /၂၁ဆအ(ဘ)၂၀၂၅
ရက်စွဲ ။ ၂၀၂၅- ခုနှစ်၊ ဇူလိုင်လ ( ၈ )ရက်။